# ပြည်ထောင်စုမြန်မာနိုင်ငံတော်

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို**

**ပြင်ဆင်သည့် ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ

အမှတ် ၁/၂၀၀၉)

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ခ)၌ ပါရှိသော "၁၈၈၆ ခုနှစ် မတိုင်မီက တည်ရှိသော"ဆိုသည့် စကားရပ်ကို "ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဂ)၌ ပါရှိသော "၁၈၈၆ ခုနှစ်မတိုင်မီက တည်ရှိသော"ဆိုသည့် စကားရပ်ကို "ရှေးဟောင်းနေရာဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့တွင် ပါရှိသော ငွေဒဏ်များကို "ငွေဒဏ်ဖြစ်စေ"၊ ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ မည်သူမဆို ပုဒ်မ ၂၇ အရ ချမှတ်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ်တစ်သောင်းမှ ကျပ် တစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။"

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# The Union of Myanmar
# The State Peace and Development Council
# The Law Amending the Protection and Preservation of Cultural Heritage Regions Law

**(The State Peace and Development Council Law No. 1/2009)**

The 10th of Waning Day of Pyaytho , 1370 M.E.

(20. January, 2009)

The State Peace and Development Council hereby enacts the following Law:

1. This Law shall be called the Amending the Protection and Preservation of Cultural Heritage Regions Law.

2. In section 2 of the Protection and Preservation of Cultural Heritage Regions Law:

   (a) the expression **" that have existed before 1886"** contained in sub-section (b) shall be substituted by the expression **" that have existed since 100 years before the date on which the Department made inquiries as an ancient monument;"**

   (b) the expression **" that have existed before 1886"** contained in sub-section (c) shall be substituted by the expression **" that have existed since 100 years before the date on which the Department made inquiries as an ancient site;"**

3. The fines contained in section 24 and 25 of the Protection and Preservation of Cultural Heritage Regions Law shall be substituted respectively by the expression **" with fine or"**.

4. Section 28 of the Protection and Preservation of Cultural Heritage Regions Law shall be substituted as follows:

   "28. Whoever fails to abide by the order passed under section 27, shall be liable to a fine which may extend from kyats ten thousands to one hundred thousand for each day of failure to abide by such order."

(Sd.) Than Shwe
Senior General
Chairman
The State Peace and Development Council.